## ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ)

# UNLD (LA)
# United Nationalities League for Democracy
# (Liberated Area)

## ထုတ်ပြန်ကြေငြာချက် (၁၁/၉၉)

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဒီမုကရေစီအဖွဲ့ချုပ် အဖွဲ့ဝင် အဖွဲ့အစည်း (၁၁) ဖွဲ့တို့မှ ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်အချို့တို့သည် လွတ်မြောက်နယ်မြေဒေသများသို့ အသီးသီးရောက်ရှိလာခဲ့ကြပြီး ၁၉၉၈ ခုနှစ် ဖေဖော်ဝါရီလ (၁၂) ရက်နေ့ကတည်းကပင် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ) UNLD (LA) ကို ဖွဲ့စည်းတည်ထောင်ခဲ့ကြပြီး ဖြစ်ပါသည်။

UNLD (LA) အကြံပေးအဖွဲ့၊ သဘာပတိအဖွဲ့၊ အတင်းရေးမှူးအဖွဲ့တို့၏ ပထမအကြိမ်စုံညီအစည်းအဝေးတရပ်ကို ၁၉၉၉ ခုနှစ် နိုဝင်ဘာလ (၁၇) ရက်နေ့တွင် လွတ်မြောက်ဒေသတနေရာ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

UNLD (LA) အနေဖြင့် မူလ UNLD (LA) ၏ မူဝါဒသဘောထား၊ ရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်များကို ဆက်လက်စွဲကိုင် ကျင့်သုံးလုပ်ရှားသွားမည်ဖြစ်သည်။ တိုင်းရင်းသားလူမျိုးစုံပြည်သူများ၏ ကျစ်လျစ်ခိုင်မာသော စည်းလုံးညီညွတ်မှုစွမ်းအားဖြင့် "ဒီမိုကရေစီတိုက်ပွဲတွင် တိုင်းရင်းသားလူမျိုးများ တန်းတူရည်တူ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် ရရှိရေးအတွက် တပြိုင်တည်းဆက်စပ်တိုက်ပွဲဝင်ရေး" မဟာဗျူဟာကို လက်ရှိနိုင်ငံရေးအခြေအနေ အချိန်အခါ အလှည့်အပြောင်းအပေါ် အခြေခံချမှတ်လှုပ်ရှားသွားရန်ဖြစ်ပြီး အခြားသော ဒီမိုကရေစီအင်အားစု တိုင်းရင်းသားအင်အားစုများနှင့်လည်း မဟာမိတ်အဖြစ် ခိုင်မြဲစွာလက်တွဲ ဆောင်ရွက်ဖော်ဆောင်သွားမည်ဖြစ်ပါသည်။

ထိုသို့ UNLD (LA) လုပ်ငန်းများ အခြေစိုက် စည်းရုံးလှုပ်ရှားနိုင်ရန် UNLD (LA) ရုံးကို ၁၉၉၉ ခုနှစ် နိုဝင်ဘာလ (၁၈) ရက်နေ့မှ စတင်ဖွင့်လှစ်ခဲ့ပြီး အချိန်ပြည့်လုပ်ငန်းဆောင်ရွက်လျက်ရှိပါသည်။

အတွင်းရေးမှူးအဖွဲ့
UNLD (LA)